# သခင့်စကား
ဝိညာဉ်ရေးရာစာစောင်

ငါ့စကားကိုနားထောင်သော
သူမူကားလုံခြုံစွာနေ၍ဘေးကို
မကြောက်ဘဲ ငြိမ်ဝပ်လိမ့်မည်။
သုတ္တံ ၁း၃၃

အမှတ်စဉ်(၁) | ကော်တင်ဘာလ | ၂၀၀၁ ခုနှစ် | (စမ္မဒါန)


## သခင့်စကား

ယေရှု ရဲ့ ဆုံးမ တဲ့ စကား
လူတွေ ရဲ့ နား ထဲမှာ ခါး ၊
ကိုယ်ထင်ရာ မှန်းဆ လို့ သွား
နောက်ဆုံးတော့ လမ်းပျောက်လို့ မှား ။

ယေရှု ရဲ့ ဆုံးမ တဲ့ စကား
လူတွေ ရဲ့ နား ထဲမှာ ကြား ၊
နာခံကာ လိုက်လျောက်လို့ သွား
အသက်တာ မှာ ကောင်းကြီး တိုးပွား ။

ယေရှု ရဲ့ သွန်သင်တဲ့ တရား
လူတွေရဲ့ နှလုံးထဲသိထား၊
အွန့်ရာယ် တွေ ကြုံကာ ဆိုးရွား
ရင်ဆိုင်ကာ အောင်မြင်ကျော်လွှား၊
နာခံပါ သခင်ယေရှုစကား။ ။




## နှုတ်ကပါတ်တော်

နေ့စဉ် ခွန်အား အတွက်
မုန့် တစ်ပြား လဲ ဖြစ်တယ် ၊
နေ့စဉ် ခရီးဆက်
မီးခွက် လဲ ဖြစ်တယ်။ ။

# ငွေ

ဘာသာပြန်ဆောင်းပါး



သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း တွေကိုပဲ ဖတ်ဖတ် ၊ ရုပ်မြင်သံကြား ကိုပဲ ကြည့်ကြည့် ယနေ့ ကမ္ဘာ ပေါ်တွင် ခေတ်အစားဆုံး အရာသည် "ငွေ" ဖြစ်သည်။ ငွေ ဆိုသော အသံ ကြားသည့် နှင့် ကလေးငယ် မှ အစ သက်ကြီးရွယ်အို အဆုံး လှုပ်လှုပ်ရွရွ ဖြစ် လာကြလိမ့်မည်။ ကလေးငယ် က မုန့်ဖိုးငွေ ကို လိုချင်သလို အဖိုးအို ကလဲ ပင်စင် ငွေ ကို အားထားနေရသည်။ အသက်အရွယ် နုပျို ကျန်းမာ သန်စွမ်း သူများကလဲ ကာယဉာဏ စွမ်းအားများဖြင့် သမ္မာအာ ဇီဝ နည်းဖြင့် တစ်နွယ်၊ မသမ္မာ သော နည်း ဖြင့် တစ်မျိုး ငွေ ကို အမျိုးမျိုး ကြိုးစား ရှာဖွေ နေကြသည်။ အဘယ့်ကြောင့် ဆိုသော် ငွေ သည် ချမ်းသာ ကြွယ်ဝခြင်း နှင့် အောင်မြင်ကျော်ကြားခြင်း ၏ အမှတ်သင်္ကေတ ဟု လူ အများ က ယူမှတ်ထားသောကြောင့် ဖြစ်သည်။

ယုံကြည်သူ အသိုင်းအဝိုင်း ကြားတွင် ငွေ အား အပြစ်တင် မြုံရှု ချင်သော သဘောဖြင့် ကြည့်ရှု သုံးသပ်တတ်ကြသည်။ အဘယ်ကြောင့် ဆိုသော် လူသားအဖြစ်ခံယူသော ယေရှု သည် ခေါင်းချစရာ နေရာ မရှိလောက်အောင် ဆင်းရဲဒုက္ခ ခံခဲ့ခြင်း၊ ငွေ သည် မကောင်းသော အမှု အပေါင်း တွင် မူလအမြစ် ဖြစ်သည် ဟု ကျမ်းစာ က ဆိုထားခြင်း၊ ကုလားအုတ် သည် အပ်နဖားပေါက် ထဲ သို့ ဝင်ရန် ခက်သကဲ့သို့ ငွေ ရ တတ်သော သူသည် ကောင်းကင်ဘုံ သို့ ဝင်ရန် ခက်ခဲ သည် ဆိုသော အကြောင်း အချက်များကို စွဲမြဲစွာ ခံယူသွန်သင် ထားသောကြောင့် ဖြစ်သည်။

ဤသို့ ဆိုလျှင် ယုံကြည်သူ အားလုံး ငွေ ကို မရှာဖွေ ဘဲ၊ ဂုန်နီအိတ်စုတ်ခြုံ ၍ ပြာပုံ ပေါ်တွင် ထိုင်ကာ ဆန်ဆေးရည် သောက်ပြီး အသက်မွေး ရမည် လော။

ယုံကြည်သူများ ဤသို့ အထင်မှားစေ ရန် မုသာ၏အဖ ဖြစ်သော စာတန် က လှည့်စား ထားခြင်းသာ ဖြစ် သည်။

၁တိ ၆း၁၀ တွင် ငွေ ကို တပ်မက်ခြင်းသည် မကောင်းသော အမှု အပေါင်း တို့ တွင် မူလ အမြစ် ဖြစ်သည် ဟု ဆိုထားသောကြောင့် ငွေ ကို မကောင်းသောအရာ ဟု ဆိုလိုခြင်း မဟုတ်ဂဲ၊ ငွေ ကို **တပ်မက်သောစိတ် သည်သာ မကောင်းခြင်း** ဖြစ်ကြောင်း တွေ့နိုင်ပါ သည်။

လူ့ဇာတိ ခံယူသော ယေရှု သည် ခေါင်းချစရာ နေရာ မရှိလောက်အောင် ဆင်းရဲခဲ့သော်လဲ ကုန်းကောက် စရာ မရှိ လောက်အောင် မွဲတေ ခဲ့သူ မဟုတ်ပါ ၊ သူ ၏ နောက်တော်ပါး တွင် တကောက်ကောက် လိုက်ပြီး လုပ်ကျွေး ပြုစု ထောက်ပံ့ နေသူများ ရှိသောကြောင့် ငွေ ကို ကိုင်တွယ် သုံးစွဲ နိုင်ကြောင်း တွေ့ရသည်။ အဘယ့်ကြောင့် ဆိုသော် ယုဒရှကာရုတ် သည် သခင်ယေရှု ၏ ဘဏ္ဍာထိန်း ဖြစ်ကြောင်း ယော ၁၃း၂၉ တွင် တွေ့ရသည်။ သခင်ယေရှု တွင် ငွေ ရှိသောကြောင့် ဘဏ္ဍာထိန်း ထားခြင်း ဖြစ်သည်။

သခင်ယေရှု ကိုယ်တိုင် ငွေ ကိုကိုင်တွယ် သုံးစွဲခဲ့ကြောင်း တွေ့နိုင်ပါသည်။

ငွေ ရှိသောကြောင့် ကျွန်တော် တို့ ကောင်းကင် နိုင်ငံ မဝင်ရ ဟု သခင်ယေရှု မသွန်သင်ခဲ့ပါ။ မိမိ တွင် ရှိသော ငွေ ကို ဘုရားရှင် ၏ နိုင်ငံတော် အတွက် ပါဝင်ရန် နှမြော တွန့်တိုပြီး ကိုယ်ကျိုး အတွက် သုံးစွဲလိုသူ သာလျှင် ကောင်းကင်နိုင်ငံ သို့ ဝင်ရန် ခက်ခဲသည် ဟု သွန်သင်ခဲ့ ကြောင်း မဿဲ ၁၉း ၁၆–၂၄ ရှိ သူဌေးငယ် တစ်ဦး ၏ အဖြစ်အပျက် တွင် တွေ့ နိုင်ပါသည်။

အမှန်တကယ် တွင် ငွေ သည် အလွန် ကောင်းသော၊ တန်ဖိုး ရှိသော အရာ တစ်ခု ဖြစ်ပါသည်။

မကောင်းသော သူများ က **မကောင်းသော** ရည်ရွယ်ချက် ဖြင့် ငွေ ကို အသုံးချ ပါက ငွေ သည် မကောင်းသော အရာ ဖြစ်သွား ပါ သည်။

ကောင်းသော လူများ က ကောင်းသော ရည်ရွယ်ချက် ဖြင့် ငွေ ကို သုံးစွဲမည်ဆိုပါက ငွေ သည် ကောင်းသော အရာ ဖြစ်သွားပါသည်။

သာဓက ပြရမည် ဆိုပါက ငွေ အား လက်နက် ခဲယမ်းမီးကျောက်များ နှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူး ရောင်း ချရာတွင် အသုံးချမည် ဆိုပါက ငွေ သည် မကောင်းသော အရာ ဖြစ်သွား သလို ငွေ အား သာသနာ လုပ်ငန်း နှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်း များ တွင် အသုံးချမည် ဆိုပါက ငွေ သည် ကောင်းသော အရာ ဖြစ်သွားပါသည်။

သမ္မာကျမ်းစာ သွန်သင် ချက်များ အရ ယုံကြည်သူ များ သည် ချမ်းသာကြွယ်ဝရန် နှင့် ငွေ ကို ပိုင်ဆိုင်နိုင်ရန် ဘုရားရှင် အလိုတော် ရှိကြောင်း သိရပါ သည်။

*သုတ္တံ ၁၀း၂၂ ထာဝရ ဘုရား ၏ ကောင်းကြီး မင်္ဂလာ သည်၊ စည်းစိမ် ကို ဖြစ်စေတတ်၏။*

*ဆာလံ ၃၅း၂၇ မိမိ ကျွန် ၌ ချမ်းသာတိုးပွားခြင်း အကြောင်း ကို နှစ်သက်တော်မူသော ထာဝရဘုရား သည် ဘုန်းကြီးတော် မူစေသတည်း။*

ငွေကြေး ချမ်းသာကြွယ်ဝ ရခြင်း၏ လျှို့ ဝှက်ချက် ကို ယုံကြည်သူများ မသိစေရန် စာတန် မာရ်နတ် က လှည့်စားထားသည်။ ကျိန်ခြင်း အမင်္ဂလာ ခံ နေရသော လူသားများ အား ကောင်းကြီး မင်္ဂလာ ခံစား ရရှိစေရန် ယေရှုခရစ်တော် လက်ဝါး ကပ်တိုင် တော် ပေါ်တွင် အသေခံ ၍ ရွေးနှုတ် ခဲ့ပြီးပါပြီ ။ ဟာလေလုယာ ။

ယုံကြည်သူ များသည် ရှိသမျှ နှင့် ရောင့်ရဲ ကာ ချို့ တဲ့ဆင်းရဲ စွာနေထိုင် အသက်ရှင် ရမည် ဟု အချို့ ယုံကြည် လက်ခံ ထားကြသည် ။

ချမ်းသာကြွယ်ဝခြင်း နှင့် ငွေကြေးဥစ္စာ သည် ခရစ်ယာန် များ နှင့် မသက်ဆိုင် ဟုထင်မှတ် နေကြသည်။

ဘုရားသခင် ရွေးကောက် တော်မူသောသူ အာဗြံဟံ သည် အလွန်ချမ်းသာသူ ဖြစ်ကြောင်း ကျမ်းစာ တွင် တွေ့ ရပါသည်။ **"ထိုအခါ အာဗြံ (အာဗြံဟံ) သည် သိုးနွားစသည်တို့ ကို လည်း ကောင်း၊ ရွှေငွေ ကို လည်းကောင်း အလွန်ရတတ် လေ၏။ က ၁၃း၂"**

ထို့အပြင် အာဗြံဟံ အား လူမျိုးကြီး ဖြစ်စေရန် သူ၏ နာမ ကို ကောင်းကြီး ပေးမည့် အကြောင်း အာဗြံဟံ အားဖြင့် လူမျိုး အပေါင်း သည် ကောင်းကြီး မင်္ဂလာ အမွေ ကို ခံစားစေရမည် ဟု ဘုရားသခင် ကတိ ပြုခဲ့လေ သည်။

ချမ်းသာကြွယ်ဝခြင်း ၏ အဓိက သော့ချက် သည် ဤနေရာ တွင် ရှိနေသည် ကို မိတ်ဆွေ သတိပြု မိ ပါသလား ၊ ယေရှုခရစ်တော် ကို မိမိ ၏ ကယ်တင်ပိုင်ရှင် အဖြစ် ယုံကြည် လက်ခံ သူသည် ဝိညာဉ် အားဖြင့် အာဗြံဟံ ၏ အမျိုးအနွယ် ဖြစ်လာပြီး အာဗြံဟံ ၏ အမွေတော် ကို ဆက်ခံခွင့် ရှိမည် ဟု ကျမ်းစာ က သွန်သင်ထား ပါသည်။ ဂလာတိ ၃ း ၁၄

အာဗြံဟံ ခံရသော အမွေဥစ္စာ သည် သူ၏ လက်ထဲတွင် ရပ်တန့် မနေ ပဲ အခြားသူများ ထံ ဆက်လက် စီးဆင်း သွားကြောင်း တွေ့ ရပါသည်။

ကျွန်တော် တို့ လက်ထဲတွင် ဘုရားရှင် ပေးထားသော ငွေ ၊ ကောင်းကြီး မင်္ဂလာ ကို ကျွန်တော် တို့ လက်ထဲတွင် ရပ်တန့် ပိတ်ဆို့ နေဖို့ ဘုရားရှင် အလိုတော် မရှိပါ၊ ဆက်လက် စီးဆင်း မှသာလျှင် ဘုရားရှင် ထံမှ အဆ ပေါင်း များစွာ သော ကောင်းကြီး မင်္ဂလာ သည် ကျွန် တော်တို့ ထံ သက်ရောက်လာမည် ဟု ကတိတော် ရှိပါသည်။

"ဆယ်ဖို့ တစ်ဖို့ ရှိသမျှ ကို ဘဏ္ဍာတိုက် ထဲသို့ သွင်း၍ ၊ ငါ့အိမ်တော် ၌ စားစရာ ရှိစေခြင်း ငှာ ပြုကြ လော့ ၊ ငါသည် မိုးကောင်းကင် ပြူတင်းပေါက် တို့ ကို ဖွင့်၍ ကောင်းကြီး မင်္ဂလာ ကို အကုန်အစင် သွန်းလောင်း မည် မသွန်းလောင်း မည် ကို ထိုသို့ စုံစမ်းကြလော့ ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ မာလခိ ၃ း ၁၀"

"သူတပါးအား ပေး ကြလော့၊ ပေးလျှင် သူတပါးသည် သင်တို့ အား ပေး ကြလိမ့်မည်၊ အမှန် ခြင်ရုံ မျှမက ၊ **သိပ်နှက်လျက် ၊ လှုပ်လျက် ၊ လျှံလျက် ရှိခြင်း နှင့်** သင်တို့ရင်ခွင် ၌ ပေးကြ လိမ့်မည်။ လု ၆ း ၃၈"

အထက်ပါ ကျမ်းချက် များကို ကြည့်ခြင်း အားဖြင့် ဘုရားရှင် ၏ သာသနာ လုပ်ငန်း နှင့် လိုအပ် နေသော သူများ ထံ သို့ ကျွန်တော်တို့ ၏ ငွေ နှင့် ကောင်းကြီး မင်္ဂလာ များ စီးဆင်း သွားဖို့ ဘုရား ရှင် အလိုတော် ရှိပါသည်။ ဘုရားရှင် အတွက် အမှန်တကယ် ဆက်ကပ် လုပ်ဆောင်သော သင်းအုပ်၊ ဧဝံဂေလိ ဆရာ၊ အသင်းတော် နှင့် သာသနာ လုပ်ငန်း များ တွင် ပေးလှူ ခြင်းဖြင့် ကောင်းကြီး မင်္ဂလာ ကို စီးဆင်း စေပါ။

အာဗြံဟံ အားဖြင့် ဘုရားရှင် ပေးထားသော ကောင်းကြီး အမွေ များကို ကျွန်တော်တို့ ၏ အစွမ်းအစ နှင့် ရ သကဲ့ သို့ ကိုယ်ကျိုး အတွက် ပရမ်းပတာ ( လိုအပ်သည် ထက်ပို၍ ) သုံးစွဲ နေမှုများ ကို ရပ်တန်း က ရပ်သင့်ပါပြီ။

"လူမျိုး အပေါင်း တို့ အား သက်သေ ဖြစ်မည်အကြောင်း နိုင်ငံတော် နှင့် ယှဉ်သော ဧဝံဂေလိ တရား ကို လောကီနိုင်ငံ အရပ် ရပ် ရှိသမျှ တို့ ၌ ဟောရလိမ့်မည်၊ သို့ပြီး မှ အဆုံးသည် ဖြစ်လတ္တံ့။ မ ၂၄ း ၁၄" ဟူသည့် ဘုရားရှင် ၏ မဟာအမှုတော် မြတ်ကြီး ပြီးပြည့်စုံ ရန် သင်၏ ငွေကြေး နှင့် ကောင်းကြီး မင်္ဂလာ များ ကို ရင်းနှီး မြှုပ်နှံ ပါလေ။ ။


မင်းအောင်သက်လွင်

ဝန်ခံချက်။ ။ HARVEST TIMES မှ JOHN GAGLIARD ရေးသားသော MONEY အား ဆီလျော်အောင်မြန်မာဘာသာပြန်ဆိုပါသည်။

သက်သေခံချက်များ ရေးသားပေးပို့လိုပါက ဖော်ပြထားသည့် လိပ်စာအတိုင်း စာတိုက်မှတဆင့် ပေးပို့ပါရန်ဖိတ်ခေါ်ပါသည်။

MIN AUNG THET LWIN
4 TUAS AVE 10
SINGAPORE 639128

သင့် ကိုယ်ခန္ဓာပေါ်တွင် အလှဆင်ထားသော ရွှေလက်ဝါးကပ်တိုင် အရုပ်အားဖြင့် သင် ခရစ်ယာန် ဖြစ်ကြောင်း သက်သေမပြပါနှင့်၊ သင့် နှလုံးသား ထဲမှ ချစ်ခြင်းမေတ္တာ အားဖြင့် သင် ခရစ်ယာန်ဖြစ်ကြောင်း သက်သေပြပါ။



၁၉၉၆ ခုနှစ် ဧပြီလ တုံး က ကျွန်တော် စင်ကာပူ ကို အလုပ်လုပ်ဖို့ ရောက်လာပါတယ်၊ မဖွံ့ ဖြိုးသေးတဲ့ နိုင်ငံက ရောက်လာတဲ့ ဆင်းရဲသား တစ်ယောက် အဖို့ တော့ စင်ကာပူ ဟာ နို့ နဲ့ ပျားရည်စီးတဲ့ ခါနန်ပြည် လို အရာရာ မှာ ပြည့်စုံကောင်းမွန် သာလွန် နေတာကို တွေ့ ရပါတယ်။

စင်ကာပူ ကို ရောက်ရောက်ချင်း နေ့ မှာပဲ ကျန်းမာရေး ကောင်းမကောင်း ဆေးစစ်ချက် ခံယူရပါတယ် ၊ နောက်တစ်နေ့ မှာတော့ လုပ်ငန်းခွင် ထဲ ဝင်ရပါတယ်၊ လုပ်ငန်းခွင် ထဲ စစ ဝင်ချင်း နေ့ မှာပဲ ကျွန်တော် ပြဿနာ တက်ပါတော့တယ်၊ ကိုင်တွယ် တိုင်းတာ ရမဲ့ ပစ္စည်း ကိရိယာ တွေ ကို ကိုယ့်နိုင်ငံ မှာ တစ်ခါ မှ မသုံးဖူးတော့ ဘယ်ဟာက စပြီး လုပ်ရမှန်း မသိပါဘူး ၊ ဒီ့အပြင် စိတ်တို စိတ်ဆတ်တတ်ပြီး တရုတ်သံ ဝဲဝဲနဲ့ အင်္ဂလိပ် စကားပြော တဲ့ စင်ကာပူ နိုင်ငံသား အရာရှိ ရဲ့ အမိန့် ကိုလဲလေလုံး ကွဲအောင် နားမလည်တဲ့ အတွက် အလုပ် မတွင်ကျယ် ပါဘူး ။

နောက်တစ်နေ့ လဲ ရောက်ရော သူဌေး က ကျွန်တော့် ကို သူ့ ရုံးခန်း ထဲမှာ ခေါ် ပြီး ဆူပါလေရော ၊ ဒီအတိုင်း အလုပ်ဆက်လုပ် သွားရင် ကျွန်တော့် ကို မြန်မာပြည် ပြန်ပို့ မယ်လို့ ပြောပါတယ်၊ ဆယ်ရက် အတွင်း ကျွန်တော့် ရဲ့ လုပ်ရည်ကိုင်ရည် တိုးတက်မှု မရှိရင် အလုပ်ဖြုတ်မယ်လို့ ထပ်ပြောပါတယ်။

ကျွန်တော် စိတ်ဓါတ် အကြီးအကျယ် ကျသွားပါတယ်၊ စင်ကာပူနိုင်ငံ ကို လာနိုင်ဖို့ အခက်အခဲ ပေါင်းများစွာ နဲ့ ပွဲစားခ ငွေပေါင်းများစွာ ရင်းနှီးပြီး ရောက်လာခဲ့ပြီးမှ ဆယ်ရက် အတွင်းအခြေ အနေမကောင်း ရင် မြန်မာပြည် ကို ဗလာလက်ချည်း သက်သက်နဲ့ ပြန်ရမဲ့ အရေး ကို တွေးတွေးပြီး ကျွန်တော် ညည အိပ်မပျော် ခဲ့ပါဘူး ။

ဒီလိုနဲ့ နောက် ၅ ရက်လောက် အကြာမှာ သူဌေးက ကျွန်တော့် ကို သူ့ ရုံးခန်း ထဲ ထပ်ခေါ် သွားပါတယ်၊ တစ်ခါသေဖူး ပျဉ်ဖိုး နားလည်သွား တဲ့ ကျွန်တော် ကတော့ သူဌေး ရုံးခန်းထဲ ခေါ်တိုင်း ပြဿနာ တစ်ခုခုတော့ တက်ပြီလို တွေးပြီး လန့် နေပါတယ်၊ ထင်တဲ့ အတိုင်းပါဘဲ ၊ သူဌေးက ကျွန်တော့် ရင်ဘတ် ကို သူ့ လက်နဲ့ ပုတ်ပြီး "မြန်မာပြည် မှာတုံးက မင်းရဲ့ ရင်ဘတ်အဆုတ် မှာ ရောဂါ တစ်ခုခု ဖြစ်ဖူးလား၊ ဆေးကုသ မှု ခံယူဖူးလား" လို့ မေးပါတယ်။ ကျွန်တော် စင်ကာပူ ကို မလာခင် ၂ လလောက် အလိုမှာ အဆုတ် အအေးမိပြီး ရင်ကျပ်ချောင်းဆိုး တဲ့ အတွက် အဆုတ် အထူးကု ဆရာဝန် ဆီမှာ ၃လ တိတိ ဆေးကုသ မှု ခံယူဖူးပါတယ်။ ဒါနဲ့ ကျွန်တော် လဲသူဌေး ကို "ဟုတ်ကဲ့ ကျွန်တော် ရောဂါ ဖြစ်ဖူး ပါတယ် ၊ ဆေးကုသ မှု ခံယူဖူး ပါတယ်လို့ ပြောတော့ သူဌေးက "ဒါဆိုမင်း မြန်မာပြည် ကို ကျိန်းသေပြန်ရမယ်" လို့ ပြောပါတယ်။ ကျွန်တော် တို့ ဆေးသွားစစ် တဲ့ ဆေးခန်း က ဆေးမှတ်တမ်း စာရွက် ထဲမှာ ဓါတ်မှန်ရိုက် လို့ ရတဲ့ အဖြေက ကျွန်တော့် မှာ အဆုတ်ရောဂါ ရှိနေတယ် လို့ ဖော်ပြထားပါတယ်။

ခဲလေသမျှ သဲရေကျ တဲ့အဖြစ်မျိုး ကျွန်တော် ကြုံတွေ့ နေရပါပြီ၊ ကျွန်တော့် ရဲ့ အဖြစ်က နူရာဝဲစွဲ ၊ လဲရာသူခိုးထောင်း ဆိုသလိုပါဘဲ ၊ အလုပ်အကိုင် မကျွမ်းကျင် တဲ့ အပြင် ရောဂါ က ရှိနေပြန်တော့ မြန်မာပြည် ပြန်ရဖို့ ၉၉ ရာခိုင်နှုန်း သေချာသွားပါပြီ ၊ အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော် မြန်မာပြည် ကို မပြန်ချင်သေးပါဘူး ၊ မိဘ ကို လုပ်ကျွေး ချင်ပါသေးတယ်၊ ဒီ အတောအတွင်း မှာ ကျွန်တော့် အခက်အခဲ တွေကို ဖြေရှင်း ပေးနိုင်မဲ့လူ၊ မျှဝေခံစား ပေးနိုင်မဲ့ သူ တစ်ယောက် မှမရှိပါဘူး၊ အဲဒီလိုအခက်အခဲ တွေ့ နေချိန်မှာ ကျွန်တော့်အတွက် အကောင်းဆုံး ကယ်တင်ရှင် ဟာ ဘုရားသခင် ကလွဲပြီး ဘယ်သူမှ မဟုတ်ဘူး ဆိုတာ ကျွန်တော် နားလည်လိုက်တယ်။

ကျွန်တော် ချက်ချင်းဘဲ ဒူးထောက် ဆုတောင်းပါတယ်၊ ဘယ်သူမှ မမြင်နိုင်တဲ့ နေရာဖြစ်တဲ့ ကျွန်တော့် ရဲ့ ဆုတောင်းခန်း ကတော့ အလုပ်ရုံ ထဲက အိမ်သာ ဘဲဖြစ်ပါတယ်၊ သူဌေး ရဲ့ ရုံးခန်းထဲက ထွက်လာ ပြီးပြီးချင်း ကျွန်တော် အိမ်သာ ထဲကိုဝင် ၊ တံခါးပိတ်ပြီး မျက်ရည်ကျလျက် ဒူးထောက် ဆုတောင်းခဲ့ပါတယ်။

ဘုရားသခင် ဟာ အင်မတန်မှ ကောင်းမြတ် ပါတယ်၊ သမ္မာကျမ်းစာ ထဲက မျက်ရည်နဲ့ ဆုတောင်းခဲ့တဲ့ ဟန္န၊ ဂိဒေါင် တို့ ရဲ့ ဆုတောင်းခြင်း ကို ဘုရားရှင် နားညောင်းပြီး အဖြေပေးခဲ့သလို ကျွန်တော့်ရဲ့ ဆုတောင်းခြင်း ကိုလဲ ဘုရားရှင် နားညောင်းပြီး အဖြေ ပေးခဲ့ပါတယ်။

စင်ကာပူ မှာ ၁၀ ရက်ပဲ နေရမယ်လို့ ခြိမ်းခြောက်ခံ ခဲ့ရတဲ့ ကျွန်တော့် ကို ဘုရားရှင် က အခု ဒီသက်သေခံချက် ကိုရေးနေတဲ့ အချိန်အထိ ရက်ပေါင်း ၁၈၂၅ ရက် (၅ နှစ်) ကျော် အထိ နေရတဲ့ အခွင့်ကို ပေးခဲ့ပါတယ်၊

အလုပ် ဆက်လုပ်ခွင့် ရသလို မိဘ၊ ညီအစ်ကို မောင်နှမ တွေကို လဲ ထောက်ပံ့ နိုင်ခဲ့ ပါတယ်၊ ဒါဟာ ဘုရားသခင် ရဲ့ ကျေးဇူးတော် က လွဲ လို့ တခြား ဘယ်အရာကြောင့် မှ မဟုတ်ဘူး ဆိုတာ သက်သေခံ ပါရစေ။

*ထာဝရဘုရား သည် ကောင်းတော်မူ၏၊ အမှုရောက်သောအခါ ရဲတိုက် ဖြစ်တော်မူ၏။ ခိုလှုံသောသူတို့ ကို သိမှတ်တော်မူ၏။ နာဟုံ ၁ : ၇*

( အက်စ် )



# ချစ်ဦးသူ

ခံစားမှုရသ ဝတ္ထုတို



ဒီနေ့ဟာ ကျွန်တော် တို့ဇနီးမောင်နှံ နှစ်ယောက် ရဲ့မင်္ဂလာ သက်တမ်း ၂၅ နှစ် မြောက်ပြည့်တဲ့ နေ့ဖြစ်တယ်။ကျွန်တော် တို့နှစ်ယောက် ဟာ တစ်ယောက် နဲ့တစ်ယောက် နှစ်နှစ်ကာကာ ချစ်ကြလို့ယူ ထားတဲ့ သူတွေ ဖြစ်တယ်။ အတူတကွ ပေါင်းသင်း လာတဲ့ သက်တမ်း တစ်လျှောက် ပြဿနာ အကြီးအကျယ် မဖြစ်ခဲ့ပေမဲ့ ကျွန်တော့် စိတ်ထဲမှာ ကျွန်တော့် ဇနီးသည် ကို ဘဝင်မကျ တာရှိခဲ့တယ်။

တစ်ယောက် နဲ့တစ်ယောက် သိပ်ချစ် လို့ယူထားကြတဲ့ သူတွေ ဆိုတော့ ကျွန်တော့် ဇနီးသည် ကို ကျွန်တော် က ဟန်နီ လို့ခေါ်ပြီး သူက ကျွန်တော့် ကို ဒါလင် လို့ခေါ်ပါတယ်။

ဟန်နီ့ ကို ကျွန်တော် အကြီးအကျယ် စိတ်ပျက်မိတဲ့ အကြောင်းအရာ တစ်ခု ရှိတယ် ၊ အဲဒါကတော့ သူ့ရဲ့ဘဝ မှာ ကျွန်တော့် ထက် ချစ်ရမဲ့ ချစ်ဦးသူ ရှိနေတယ် ဆိုတဲ့ အချက်ပါပဲ၊ ကျွန်တော် နဲ့လက်ထပ်ပေါင်းသင်း လာတဲ့ သက်တမ်းတစ်လျှောက် လုံး ဟန်နီ ဟာသူ့ရဲ့ချစ်ဦးသူ နဲ့အဆက်အသွယ် မပျက် ချစ်ကြိုးသွယ် လာခဲ့တယ်၊ သူတို့နှစ်ယောက် ရဲ့ရင်းနှီးမှုဟာ တစ်နေ့ထက်တစ်နေ့ ပိုပြီး ခိုင်မြဲ လာခဲ့တယ်။

ဟန်နီ့ကို ကျွန်တော် သိပ်ချစ်လွန်းလို့သူ ဘာလုပ်လုပ် မသိကျိုးကျွံ ပြုပြီး မြိုသိပ် လာခဲ့တာ ကြာပါပြီ၊ ဟန်နီ ဟာ သူ့ရဲ့ချစ်ဦးသူ နဲ့ ကွယ်ရာမှာ ပျော်ရွှင်မြူးတူး ခဲ့ကြတဲ့ အဖြစ်အပျက်တွေကို တစ်ခါတစ်ခါ ကျွန်တော့် ရဲ့ရှေ့မှာ စိတ်မထိန်းနိုင်ဘဲ အမှတ်တမဲ့ပွင့်အံ့ပြီးပြောမိတဲ့ အခါမှာတော့ သူ့ရဲ့စကား တွေက ကျွန်တော့်ရဲ့နှလုံးသား ကို အကြိမ်ကြိမ် ကွဲကြေ စေခဲ့ပါတယ်။

ဟန်နီ နဲ့ကျွန်တော် လက်မထပ်ခင် သမီးရည်းစား ဘဝ တုံးက သူ့ကို ချစ်ကြောင်းကြိုက်ကြောင်း ကျွန်တော် ရည်းစားစာ အစောင်စောင် ရေးခဲ့ဖူးပါတယ်၊ ဒါပေမဲ့ သူ့ရဲ့ချစ်ဦးသူ က သူ့အတွက်ရေးထား တဲ့ မေတ္တာဖွဲ့ဒိုင်ယာရီ စာအုပ်ထူထူကြီးလောက် ကျွန်တော့် ရဲ့ ရည်းစားစာ ကို ဟန်နီ မမက်မောခဲ့သလို သူ့ချစ်ဦးသူ ရေးထားတဲ့မေတ္တာ စကားလုံး အသုံးအနှုန်း တွေလောက် ကျွန်တော့်ရဲ့စကားလုံး တွေက ဟန်နီ့ကို ရင်မခုန်စေခဲ့ပါဘူး။

ကာမပိုင် လင်ယောကျ်ား ရှိနေလျက် နဲ့တစ်ခြားတစ်ယောက် အပေါ် စွဲလန်းနေတဲ့ မိန်းမ တစ်ယောက် ကို လင်ငယ်နေတဲ့ မိန်းမ ၊ နောက်မီးလင်း တဲ့ မိန်းမ ၊ မျောက်မထား တဲ့ မိန်းမ လို့ လူတကာ က ခေါ်ဝေါ် သမုတ်နေကြလို့ဟန်နီ့ကိုလဲ ကျွန်တော် အဲဒီ မိန်းမ တွေလို သတ်မှတ်လိုက်ရတော့ မှာပေ့ါ။

ဟန်နီ့ဘဝ အတွက် ကျွန်တော် ဟာ ဒုတိယ နေရာ မှာ ရှိနေပြီး သူ့ရဲ့ချစ်ဦးသူ က ပထမ နေရာမှာ ရှိနေခဲ့တယ်၊ သူ့ရဲ့ချစ်ဦးသူ ဟာသူ့ ကိုဘယ်လောက် ချစ်မြတ်နိုးကြောင်း၊ သဘောထားကြီးကြောင်း၊ တခြားလူတွေကိုလဲ ချစ်တတ်ပြီး ကူညီတတ်ကြောင်း လူတကာ ကို သူ့ချစ်ဦးသူ ရဲ့ ကောင်းကြောင်းတွေ လျှောက်ပြောပြ နေတဲ့ အချိန်မှာ တော့ ကျွန်တော့် ရဲ့ဒေါသဟာ အထွတ်အထိပ် ကို ရောက်ရှိလို့ သွားပါပြီ။

ဟန်နီ နဲ့သူ့ချစ်ဦးသူ ကြောင့် ကျွန်တော့် ရဲ့ကိုယ်ကျင့်တရား နဲ့သိက္ခာတွေ အားလုံး သူတပါး ခြေဖဝါးအောက် ပြားပြားမှောက်ခဲ့ ရသလို ကျွန်တော့် ရဲ့ခန္ဓာကိုယ် တစ်ခုလုံး လဲ သူများရဲ့တံတွေးခွက်ထဲ ပက်လက်မျောသွားသလို ခံစားလိုက်ရတယ်။ ဟန်နီ့ချစ်ဦးသူ ရဲ့နာမည်၊ ပုံပန်းသဏ္ဍာန် နဲ့ အရည်အချင်း တွေကို ကျွန်တော် မသိပေမဲ့ ကမ္ဘာပေါ်မှာ ကျွန်တော် အမုန်းဆုံး သူဟာ ဟန်နီ့ရဲ့ချစ်ဦးသူ ပဲဖြစ်ပါတယ်။

ကျွန်တော်၊ ဟန်နီ နဲ့သူ့ရဲ့ချစ်ဦးသူ တို့သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း မှန်တိုင်းထန် တဲ့ နေ့တစ်နေ့ကတော့----

ဟန်နီ ဟာ "ကင်ဆာ" ဆိုတဲ့ ကမ္ဘာ့ လူသတ်ကောင် စာရင်းဝင် ရောဂါဆိုး ရဲ့ထိုးနှက်မှုကို အပြင်းအထန် ခံစားနေရတဲ့ အချိန် မှာဘဲဖြစ်ပါတယ်။ ဒီအချိန် မှာ ဟန်နီ ဟာ ဝင်သက် ထွက်သက် ကို ခက်ခဲစွာ ရှူသွင်းရင်း သူ့ရဲ့ချစ်ဦးသူ ဟာ ရန်သူ အားလုံးကို အောင်နိုင်တဲ့သူဖြစ်ကြောင်း သူလဲမကြာခင် မှာ သူ့ချစ်ဦးသူ ရဲ့ရင်ခွင်ထဲမှာ ထာဝရ ခိုနားအိပ်စက် တော့မှာ ဖြစ်ကြောင်း ရင်ဖွင့် သွားပါတယ်။

ဝေဒနာ ကို ပြင်းထန်စွာ ခံစားနေတဲ့ ကြားက ဟန်နီ ဟာ သူ့ရဲ့ချစ်ဦးသူ နဲ့ကျွန်တော့် ကို မိတ်ဆက် ပေးခဲ့ပါတယ်။ ပြီးတော့ သူ့ချစ်ဦးသူ ရေးထားတဲ့ မေတ္တာဖွဲ့ဒိုင်ယာရီ စာအုပ်ထူထူကြီး ကို လဲပေးခဲ့ပါတယ်။ ဟန်နီ့ရဲ့ချစ်ဦးသူ နဲ့ကျွန်တော် နဖူးတွေ့ဒူးတွေ့ရင်ဆိုင်လိုက်ရတဲ့ အချိန်မှာတော့ ကျွန်တော့် ရဲ့ဘဝ တစ်ခုလုံး ပြောင်းပြန်လှန်ခြင်း ခံလိုက်ရပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဟန်နီ့ရဲ့ချစ်ဦးသူ နဲ့ကျွန်တော် ဟာ တစ်ယောက် နဲ့တစ်ယောက် မေတ္တာမျှ ပြီး ချစ်သူတွေ ဖြစ်သွားကြလို့ပါဘဲ။သိပ် အံ့သြ သွားလား။

ဟန်နီ့ရဲ့ချစ်ဦးသူ ရဲ့နာမည်ကတော့ ယေရှုခရစ်တော် လို့ခေါ်ပါတယ်။ ဟန်နီ့အတွက် သာမက ကျွန်တော့် အတွက် ခင်ဗျားအတွက် လူသားအားလုံးအတွက် ယေရှုခရစ်တော် ဟာ လက်ဝါးကပ်တိုင် ပေါ်မှာ အသေခံ ပေးသွားခဲ့ပါတယ်။ ဟန်နီ့ချစ်ဦးသူ ရဲ့မေတ္တာဖွဲ့ဒိုင်ယာရီ စာအုပ်အဖုံးပေါ်မှာ သမ္မာကျမ်းစာ လို့ရေးထားပါတယ်။ ဟုတ်တယ် ယေရှုခရစ်တော် ဟာ ကမ္ဘာ ပေါ်မှာ အချစ်တတ်ဆုံး သူ တစ်ယောက်ဖြစ်တယ်။

ဟန်နီ ဟာ ကျွန်တော့် ကိုထားခဲ့ပြီး သူ့ချစ်ဦးသူ နောက် ကိုလိုက်သွားဖို့ဒီလောကကြီးထဲက ထွက်ခွာသွားခဲ့ပါပြီ။

ကျွန်တော် လဲ မကြာခင် ထွက်ခွာ သွားရတော့မယ်။

ခင်ဗျား ကို မှာချင်တာ ကတော့ ယေရှုခရစ်တော် နဲ့ချစ်ကျွမ်းဝင်မှု မရှိသေးဘဲနဲ့ဒီလောကကြီး ထဲက မထွက်ခွာသွားပါနဲ့။ ။

ဝန်ခံချက်။ ။ Dr. Edwin Louis Cole ရေးသားသည့် First Love အား မှီငြမ်း ရေးသားပါသည်။ ( မင်းအောင်သက်လွင် )